# လူ့ဘောင်သစ်ပါတီ
# ဖွဲ့စည်းပုံစည်းမျဉ်း

လူ့ဘောင်သစ်ပါတီ
New Societty Party

# လူ့ဘောင်သစ်ပါတီ ဖွဲ့စည်းပုံစည်းမျဉ်း

## အခန်း(၁)

## နိဒါန်း

၁၉၈၈ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်းမပြီးဆုံးသေးသော ဒီမိုကရေစီအရေးလှုပ်ရှားမှုများအား ဆက်လက်ရပ်တည်ဆောင်ရွက်ရန် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗ. က. သ များအဖွဲ့ချုပ် / ၂၈-၈-၈၈) မှ ခေါင်းဆောင်များသည်. . . .

၁။ အမျိုးသားနိုင်ငံရေးကို ကျယ်ပြန့်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရပ်တည်ဆောင်ရွက်ရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ ပထမအကြိမ် ညီလာခံကို ၁၉၈၉ ခုနှစ်၊ ဧပြီလ ၌ ရန်ကုန်တိုင်း၊ ဝါးရုံပင်စခန်းတွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

၂။ ၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံမဲဆောက်အခြေစိုက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် အစိုးရနှင့်ငြိမ်းချမ်းရေးအရ ညှိနှိုင်းမှုများလုပ်ဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင်အစိုးရနှင့်ညှိနှိုင်းမှုများအရ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာခဲ့သည်။ ပြည်တွင်းတွင် နိုင်ငံရေးအရ ရပ်တည်ဆောင်ရွက်ခဲ့ကြသော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များနှင့် ဆွေးနွေးမှုများပြုလုပ်နေစဉ် ထိုင်းနိုင်ငံ၊ မဲဆောက်အခြေစိုက်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ (၄-၃-၂၀၁၄) နေ့တွင် တစ်ဖက်သတ် မှတ်ပုံတင်လျှောက်ထားပြီး ဆွေးနွေးပွဲကို တစ်ဖက်သတ်ရပ်ဆိုင်းလိုက်သည်။ ( ၁၂-၅-၂၀၁၄ )တွင် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီအမည်ကို ရယူသွားသည်။

၃။ ပါတီခေါင်းဆောင်များသည် ပါတီလုပ်ငန်းစဉ်များအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူ့ဘောင်သစ်ပါတီဝင်များ၊ ပါတီအား ဝိုင်းရံထောက်ခံအားပေးခဲ့ကြသော ပါတီဝင်သစ်များအားစုစည်းပြီး ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများကို ပြန်လည်ဆောင်ရွက်လာခဲ့သည်။

ထိုသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီပြည်တွင်းအနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာမှ ပါတီတရားဝင်ပြန်လည်ရပ်တည်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်သို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအမည်ဖြင့် လျှောက်ထားခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်မှ လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီအမည်အား ပြောင်းလဲပေးပါရန် အကြောင်းကြားပေးပို့လာသဖြင့် လက်ရှိနိုင်ငံရေးဖြစ်စဉ်များနှင့် မြန်မာပြည်ဒီမိုကရေစီတိုးတက်ထွန်းကားရေးအတွက် တိုင်းပြည်၏လိုအပ်နေသောကွက်လပ်များကိုဖြည့်စွက်နိုင်ရန်အလို့ငှာ လူ့ဘောင်သစ်ပါတီအဖြစ် အမည်ပြောင်း၍ တရားဝင်ပါတီအဖြစ်ရပ်တည်ရန် ဆောင်ရွက်ခဲ့ရသည်။

ယနေ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ပြန်လည်ဖွဲ့စည်း၍ ဒီမိုကရေစီအရေးနှင့်လူထုအကျိုးပြုလုပ်ငန်းများအား ကိုယ်ကျိုးမကြည့်ဘဲ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

## အခန်း(၂)

## ပါတီအမည်

"လူ့ဘောင်သစ်ပါတီ" ဟု ခေါ်တွင်ရမည်။ အတိုကောက်အားဖြင့် "လူ့ဘောင်သစ်" ဟုခေါ်ရမည်။

## အခန်း(၃)

## ပါတီအလံ



အနီရောင်အောက်ခံတွင် အရွယ်တူရွှေဝါရောင်ကြယ်လေးလုံးထပ်ဆင့်ရှိနေသောအလံဖြစ်သည်။ အနီရောင်သည် ရဲရင့်ခြင်းအဓိပ္ပါယ်ကိုဆောင်သည်။ ရွှေဝါရောင်အရွယ်တူကြယ်လေးလုံးသည် အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များကို ကိုယ်စားပြုသည်။

## အခန်း(၄)

## ပါတီအထိမ်းအမှတ်တံဆိပ်

လိုင်း (၄)ခုပေါ်တွင် အဝါရောင်အရွယ်တူကြယ် (၄)လုံးရှိသည့်အမှတ်အသားဖြစ်သည်။ ကြယ် (၄)လုံးသည် အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်နှင့်အတတ်ပညာရှင်တို့ကို ကိုယ်စားပြုသည်။ လိုင်း (၄)ခုသည် ၎င်းလူတန်းစား (၄)ရပ်အား ကိုယ်စားပြုသည်။

## အခန်း(၅)

## ပါတီဆိုင်းဘုတ်



## အခန်း(၆)

## ပါတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ

၁။ ပြည်သူလူထု၏အကျိုးစီးပွားအတွက် ဒီမိုကရေစီစနစ်ပေါ်ထွန်းရေး။

၂။ ပြည်သူ့အာဏာကို ပြည်သူတို့လက်ဝယ်ထာဝစဉ်ပိုင်စိုးရေး။

၃။ ရည်ရွယ်ချက်တူ ပါတီများကိုစုစည်းပြီး အမျိုးသားတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ဒီမိုကရေစီတစ်တပ်ပေါင်းစုကြီးပေါ်ထွန်းလာရေး။

၄။ ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်နေစေရေးအတွက် ခိုင်မာတောင့်တင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုပေါ် ပေါက်လာရေး

## အခန်း(၇)

## ပါတီ၏မူဝါဒများ

၁။ ပညာရေး

ခေတ်မီသိပ္ပံပညာရေး အမြန်ဆုံးတိုးတက်ထွန်းကားစေသည့် ပညာရေးစနစ်သစ်တစ်ရပ်ကိုတည်ဆောက်သွားမည်။ အခြေခံပညာအထက်တန်းအထိ မသင်မနေရ ပညာရေးစနစ်ကို ကျင့်သုံးသွားမည်။ တက္ကသိုလ်၊ ကောလိပ်များတွင် မိမိနှစ်သက်ရာဘာသာရပ်ကို သင်ယူပိုင်ခွင့်ရှိရမည်။

၂။ စီးပွားရေး

ခေတ်မီနည်းပညာနှင့်အရင်းအနှီးရရှိစေရန် နိုင်ငံတကာမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုလည်းကောင်း၊ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုကိုလည်းကောင်း ခွင့်ပြုမည်။ နိုင်ငံတော်၏အကျိုးစီးပွားနှင့်လိုက်လျောညီထွေမှုရှိသည့် မူပိုင်ခွင့်ဥပဒေများချမှတ်ပေးမည်။

လွတ်လပ်သောဈေးကွက်ကိုအခြေပြုသည့် စီးပွားရေးစနစ် (Market Economy)ကို ဆောင်ရွက်သွားမည်။ လယ်ယာကဏ္ဍကို စက်မှုလယ်ယာကဏ္ဍသို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်။ ဝင်ငွေနည်းပြည်သူများအတွက် ပြည်သူ့စီးပွားရေး လုပ်ငန်းများ (Public Enterprise)ကို စီစဉ်ဆောင်ရွက်သွားမည်။ စီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ ဘဏ်လုပ်ငန်းကို ပြင်ဆင်ဆောင်ရွက်သွားမည်။ အကြီးစားနှင့် အသေးစားစက်မှုလုပ်ငန်းနှစ်ရပ်စလုံးကို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပြုမည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အခွန်စနစ်တစ်ရပ်ကို ပြဋ္ဌာန်းမည်။

၃။ နိုင်ငံခြားရေး

ပြည်ထောင်စု၏အကျိုးစီးပွားကိုအခြေခံသည့် လွတ်လပ်သောနိုင်ငံခြားရေး ဝါဒကိုကျင့်သုံးမည်။

၄။ ပြည်တွင်းရေး

အရွယ်ရောက်သူတိုင်း အများဆုံး (၂) နှစ်အထိစစ်မှုမထမ်းမနေရ ဥပဒေကို ပြဋ္ဌာန်းမည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်သော တပ်မတော် အဖြစ်တည်ဆောက်မည်။ ပြည်နယ်များအနေဖြင့် မိမိတို့ပြည်နယ်များအရေးကို လွတ်လပ်စွာစီမံဆောင်ရွက်နိုင်ခွင့်ရှိသည့် ပြည်ထောင်စုစနစ်ဖြင့် အုပ်ချုပ်သည့်နိုင်ငံ တော်ဖြစ်စေရမည်။ ၆၅နှစ်ကျော်ဖြစ်ပွားနေသောပြည်တွင်း စစ်ရပ်ဆိုင်းစေရန် နိုင်ငံ ရေးနည်းလမ်းဖြင့် ဖြေရှင်းသွားမည်။

၅။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး

## အခန်း(၈)

## ပါတီဝင်အဆင့်နှင့် ပါတီ၏ဒေသကော်မတီများ

### ၁။ ပါတီဝင်

အသက် (၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားမည်သူမဆို လူမျိုး/ဘာသာ/အသားအရောင်မခွဲခြားပဲ ပါတီဝင် (၂)ဦး၏ထောက်ခံချက်နှင့်အတူ ပါတီဝင်အဖြစ်လျှောက်ထားခွင့်ရှိသည်။ သက်ဆိုင်ရာစည်းရုံးရေးကော်မတီမှ ပါတီဝင်အဖြစ်လက်ခံပြီးနောက်ပိုင်း ပါတီဝင်တစ်ဦးသည် ပါတီဝင်ကြေးကို လစဉ်မပျက်မကွက်ပေးဆောင်ရမည်။ ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာအစည်းအဝေးများတွင် လွတ်လပ်စွာ တက်ရောက် ဆွေးနွေးရွေးချယ်ခံပိုင်ခွင့်ရှိသည်။

### ၂။ စည်းရုံးရေးမှူး

ပါတီဝင် (၁၅)ဦးအား စည်းရုံးစုစည်းနိုင်သူကို စည်းရုံးရေးမှူးအဖြစ် စည်းရုံးရေးကော်မတီမှ တာဝန်ပေးနိုင်သည်။

### ၃။ ရပ်/ကျေး စည်းရုံးရေးကော်မတီ

အနည်းဆုံး စည်းရုံးရေးမှူး (၃)ဦးဖြင့် ရပ်/ကျေး စည်းရုံးရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။

၄။ မြို့နယ်စည်းရုံးရေးကော်မတီ

အနည်းဆုံး ရပ်/ကျေးကိုယ်စားလှယ် (၅)ဦးဖြင့် မြို့နယ်စည်းရုံးရေး ကော်မတီကို ဖွဲ့စည်းနိုင်သည်။

၅။ ခရိုင်စည်းရုံးရေးကော်မတီ

အနည်းဆုံး မြို့နယ်ကိုယ်စားလှယ် (၇)ဦးဖြင့် ခရိုင်စည်းရုံးရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်/တိုင်းစည်းရုံးရေးကော်မတီ

အနည်းဆုံး ခရိုင်ကိုယ်စားလှယ် (၉)ဦးဖြင့် ပြည်နယ်/တိုင်း စည်းရုံးရေးကော်မတီကိုဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီ

ပါတီညီလာခံသို့တက်ရောက်လာသော ဒေသအသီးသီးမှ ကိုယ်စားလှယ်များဖြင့် အချိုးညီမျှစွာ ဖွဲ့စည်းရမည်။ အခြေအနေ အချိန်အခါနှင့်ကိုက်ညီသော မူဝါဒများချမှတ်နိုင်သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ယူအကောင် အထည်ဖော်နေသော လုပ်ငန်းများအား စီစစ်အကဲဖြတ်ရမည်။ ညီလာခံမှချမှတ်ထားသော မူဝါဒများနှင့်အညီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအားအကြံပြု လမ်းညွှန်ရမည်။ ဗဟိုကော်မတီ၏သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်းဖြစ်သည်။ (၃)လ တစ်ကြိမ် ဗဟိုကော်မတီပုံမှန်အစည်းအဝေးအား မပျက်မကွက်ကျင်းပရမည်။ ဗဟိုကော်မတီ ဝင် ၆၀ ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၈။ ဗဟိုအလုပ်မှုဆောင်ကော်မတီ

အနည်းဆုံး ဗဟိုကော်မတီအဖွဲ့ဝင် (၁၁)ဦးဖြင့် ဗဟိုအလုပ်အမှု့ဆောင် အဖွဲ့အား ရွေးချယ်ဖွဲ့စည်းရမည်။ ဗဟိုကော်မတီမှချမှတ်လိုက်သောမူဝါဒများ အကောင်အထည်ဖော်နိုင်ရန် ရေတို/ရေရှည်လုပ်ငန်းများသတ်မှတ်ရေးဆွဲကာ တာဝန်ယူ အကောင် အထည်ဖော်ရမည်။ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ အကောင် အထည်ဖော်နိုင်ရန်လိုအပ်သည့် လုပ်ငန်းကော်မတီ/ဌာန/ကော်မရှင်များအား သက်တမ်းသတ်မှတ်ကာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ လုပ်ငန်းများအကောင် အထည်ဖော်နိုင်မှု အခြေအနေများအား ဗဟိုကော်မတီ အစည်းအဝေးသို့မပျက် မကွက်တင်သွင်းရမည်။ ၆၀ ရာခိုင်နှုန်းထက်မနည်းသော ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြင့် လစဉ်ပုံမှန်အစည်းအဝေးများခေါ်ယူကာ လုပ်ငန်းအကောင်အထည် ဖော်နိုင်မှုများအား စီစစ်သုံးသပ်/ရှေ့လုပ်ငန်းစဉ်များချမှတ်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ၏သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်း ဖြစ်သည်။

၉။ အကြံပေးအဖွဲ့

လုပ်ငန်းအတွေ့အကြုံအားဖြင့်လည်းကောင်း၊ နိုင်ငံရေးဖြတ်သန်းမှုအားဖြင့်လည်းကောင်း အတွေ့အကြုံရင့်ကျက်သူများကို ပါတီအမှုဆောင်ကော်မတီမှ အကြံပေးအဖြစ်ခန့်အပ်နိုင်သည်။ ၎င်းအကြံပေးပုဂ္ဂိုလ်သည် ပါတီဗဟိုကော်မတီ/ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ဖိတ်ကြားသော အစည်းအဝေးများတွင် တက်ရောက်ဆွေးနွေး အကြံပြုခွင့်ရှိသည်။ (မဲပေးဆုံးဖြတ်ခွင့်မရှိ)

# အခန်း(၉)

## ပါတီခေါင်းဆောင်များ

### ၁။ ဥက္ကဋ္ဌ

ဗဟိုကော်မတီမှ တိုက်ရိုက်ရွေးချယ်ရမည်။ ဗဟိုကော်မတီမှချမှတ်လိုက်သော နိုင်ငံရေးဆိုင်ရာမူဝါဒများအား တာဝန်ခံရမည်။ ပြင်ပဆက်ဆံရေး(တပ်ပေါင်းစုရေးရာ၊ မဟာမိတ်ဆက်ဆံရေး၊ နိုင်ငံခြားရေး. . စသည့်) လုပ်ငန်းများကိုတာဝန်ယူရမည်။ ဥက္ကဋ္ဌ၏သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်းဖြစ်သည်။ ဥက္ကဋ္ဌမှ အရေးပေါ်အစည်းအဝေးခေါ်ယူခွင့်ရှိသည်။ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးခေါ်ရန်အချိန်မရပါက ဥက္ကဋ္ဌအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးခေါ်ရမည်။

### ၂။ ဒု-ဥက္ကဋ္ဌ

ဗဟိုကော်မတီမှတိုက်ရိုက်ရွေးချယ်ရမည်။ ဗဟိုကော်မတီမှချမှတ်လိုက်သော နိုင်ငံရေးဆိုင်ရာ မူဝါဒများအားတာဝန်ခံရမည်။ ဥက္ကဋ္ဌတာဝန်ခံထားသော လုပ်ငန်းများကို တွဲဘက်တာဝန်ယူရမည်။ ဒု-ဥက္ကဋ္ဌ၏သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်းဖြစ်သည်။

### ၃။ အထွေထွေအတွင်းရေးမှူး

ဗဟိုကော်မတီမှ တိုက်ရိုက်ရွေးချယ်ရမည်။ ပါတီတွင်း(စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ပြန်ကြားရေးနှင့်လူထုဆက်ဆံရေး၊ ဘဏ္ဍာရေး၊ ရုံးနှင့် သုတေသန စသည့်) လုပ်ငန်းများအား တာဝန်ယူကြီးကြပ်ရမည်။ အထွေထွေ အတွင်းရေးမှူး၏သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်းဖြစ်သည်။ အရေးပေါ် ဗဟိုအလုပ်

အမှုဆောင်အစည်းအဝေးခေါ်ခွင့်ရှိသည်။

၄။ တွဲဘက်အထွေထွေအတွင်းရေးမှူး

ဗဟိုကော်မတီမှတိုက်ရိုက်ရွေးချယ်ရမည်။ အထွေထွေ အတွင်းရေးမှူး၏ လုပ်ငန်းများအား တွဲဘက်တာဝန်ယူရမည်။ တွဲဘက်အထွေထွေအတွင်းရေးမှူး၏ သက်တမ်းသည် ညီလာခံသက်တမ်းအတိုင်းဖြစ်သည်။

## အခန်း(၁၀)

## ပါတီတွင်းဌာနများ

၁။ စည်းရုံးရေးစည်းကမ်းထိန်းသိမ်းရေးကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သော ပါတီဝင်များဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ရမည်။ ပါတီဝင်များနှင့်ပါတီစည်းရုံးရေးအဆင့်ဆင့်ကော်မတီ/ကော်မတီ/ကော်မရှင်/ဌာနများအတွက် စည်းရုံးရေး လုပ်ငန်းများနှင့် စည်းမျဉ်းစည်းကမ်းများအား သက်ဆိုင်ရာကော်မတီဌာနများနှင့် ညှိနှိုင်းပြီး ပါတီမူဝါဒများနှင့်အညီရေးဆွဲကာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့်ပတ်သက်ပြီး မပျက်မကွက် အစီရင်ခံတင်ပြရမည်။

၂။ ပြန်ကြားရေးကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှအချက်အလက်များ/စာစောင်များ/ပါတီတာဝန်ရှိသူများ၏ ထုတ်ဖော်ပြောဆိုမှုများအားပါတီ၏မူဝါဒများနှင့်အညီစုဆောင်း/ထုတ်ဝေဖြန့်ချိရမည်။ ပြည်သူလူထုအတွင်းရင်ဆိုင်ကြုံတွေ့နေရသည့်ကိစ္စရပ်များအား လေ့လာသုံးသပ်ကာ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ မပျက်မကွက်တင်ပြရမည်။

၃။ ဘဏ္ဍာရေးကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာသင့်တော်သောပါတီဝင်များ/ကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ကာ ဘဏ္ဍာငွေရှာဖွေစုဆောင်းရေးလုပ်ငန်းများရေးဆွဲပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြ/ အတည်ပြုချက်ရယူကာအကောင်အထည်ဖော်ရမည်။ ငွေထိန်း/စာရင်းကိုင်တို့ အား သီးခြားစီတာဝန်ခွဲဝေထားရမည်။ ဘဏ္ဍာငွေခွဲဝေ/သုံးစွဲခြင်းကို ဗဟိုအလုပ် အမှုဆောင်ကော်မတီမှချမှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဥက္ကဋ္ဌ (သို့မဟုတ်) အထွေထွေအတွင်းရေးမှူးတို့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝင်ငွေ/ထွက်ငွေစာရင်းကိုသက်ဆိုင်ရာပြေစာများနှင့်တကွ ဗဟိုအလုပ်အမှုဆောင်ကော် မတီအစည်းအဝေးသို့ မပျက်မကွက်တင်သွင်းရမည်။

၄။ ရုံးအဖွဲ့

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်

သောပါတီဝင်များ/ကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ရမည်။ ပါတီတွင်း/ပြင် အချက်အလက်များစုဆောင်းပြီး လိုအပ်သည့်ကော်မတီ/ကော်မရှင်/ ဌာနများအား ပံ့ပိုးကူညီပေးရမည်။ ပါတီဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊အခြား ကော်မတီ/ကော်မရှင်/လုပ်ငန်းဌာနများ၏ အစည်းအဝေးများနှင့် အခမ်းအနားများ ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ပေးရမည်။ ရုံးရှိ ဝင်/ထွက် စာများ၊ မှတ်တမ်းဖိုင်များ၊ စာအုပ်စာတမ်းများအား ထိမ်းသိမ်းစောင့်ရှောက်ရမည်။ အစည်းအဝေးဆုံးဖြတ်ချက်များ/မှတ်တမ်းများအား သက်ဆိုင်ရာများသို့ ပြန်လည်ပေးပို့ရမည်။ လုပ်ငန်းအကောင်အထည်ဖော်မှုများအား ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ မပျက်မကွက် တင်သွင်းရမည်။

၅။ သုတေသနဌာန

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ရမည်။ ပါတီတွင်း/ပြင် အချက်အလက်များစုဆောင်းပြီး လိုအပ်သည့်ကော်မတီ/ ကော်မရှင်/ ဌာနများအား ပံ့ပိုးကူညီပေးရမည်။ လုပ်ငန်းအကောင်အထည် ဖော်မှုများအား ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ မပျက်မကွက်တင်သွင်းရမည်။

၆။ လုပ်ငန်းစစ်အဖွဲ့

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/လုပ်ငန်းကျွမ်းကျင်သူများဖြင့် လိုအပ်သည့် သက်တမ်းကာလ သတ်မှတ်ပြီး ဥက္ကဋ္ဌမှဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ရမည်။ ဗဟိုအလုပ်မှုဆောင်ကော်မတီသို့ တွေ့ရှိချက်များ အားမှတ်ချက်ပြုရေးသားကာ အကြံပြုချက်များနှင့်တကွ အစီရင်ခံတင်ပြရမည်။

## အခန်း (၁၁)

## ရေးရာကော်မတီများ

၁။ အလုပ်သမားရေးရာကော်မတီ

ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအားဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ ပညာရှင်များ/ ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်မှုဆောင်အမှုဆောင်ကော်မတီမှ ဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ကာ အလုပ်သမားနှင့် ဝန်ထမ်းရေးရာလုပ်ငန်းများအား တာဝန်ယူအကောင်အထည်ဖော်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့်ကော်မတီပတ်သက်ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

၂။ တောင်သူလယ်သမားရေးရာကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်

အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ကာ တောင်သူလယ်သမားရေးရာလုပ်ငန်းများအား မူဝါဒနှင့်အညီ တာဝန်ယူအကောင်အထည်ဖော်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့်ပတ်သက်ပြီး မပျက်မကွက် အစီရင်ခံတင်ပြရမည်။

၃။ ကျောင်းသား/လူငယ်ရေးရာကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ ဥက္ကဋ္ဌနှင့်ထွေထွေအတွင်းရေးမှူးမှ ပူတွဲတာဝန်ယူ ကြီးကြပ်ကာ ကျောင်းသား/လူငယ်ရေးရာလုပ်ငန်းများအား တာဝန်ယူအကောင်အထည်ဖော်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ လုပ်ငန်းများနှင့်ပတ်သက်ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

၄။ အမျိုးသမီးရေးရာကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူကြီးကြပ်ကာ အမျိုးသမီးရေးရာလုပ်ငန်းများအား တာဝန်ယူအကောင်အထည်ဖော်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့်ပတ်သက်ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

၅။ တိုင်းရင်းသားရေးရာကော်မတီနှင့်ပြည်တွင်းငြိမ်းချမ်းရေး

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ ဥက္ကဋ္ဌမှ တာဝန်ယူကြီးကြပ်ကာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာလုပ်ငန်းများအား တာဝန်ယူ အကောင်အထည်ဖော်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့်ပတ်သက်ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

၆။ လူ့အခွင့်အရေးကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ ဥက္ကဋ္ဌမှ တာဝန်ယူကြီးကြပ်ကာ လူ့အခွင့်အရေးချိုးဖောက်ခံရသည့်ကိစ္စများအား စနစ်တကျလေ့လာပြီး တာဝန်ယူဆောင်ရွက်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့်ပတ်သက်ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

၇။ နိုင်ငံခြားရေးရာကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော်သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ်

အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ ဥက္ကဋ္ဌမှ တာဝန်ယူကြီးကြပ်ကာ ဗဟို ကော်မတီမှချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒများနှင့်အညီ တာဝန်ယူအကောင် အထည်ဖော်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်း များနှင့် ပတ်သက်ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

၈။ မဟာမိတ်ဆက်ဆံရေးရာကော်မတီ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးအား ဦးဆောင်စေကာ သင့်တော် သောပါတီဝင်များ/ပညာရှင်များ/ဥပဒေရေးရာကျွမ်းကျင်သူများဖြင့် ဗဟိုအလုပ် အမှုဆောင်ကော်မတီမှဖွဲ့စည်းပေးရမည်။ ဥက္ကဋ္ဌမှ တာဝန်ယူကြီးကြပ်ကာ မဟာ မိတ်ဆက်ဆံရေးလုပ်ငန်းများအားပါတီမူဝါဒများနှင့်အညီ အကောင်အထည် ဖော်ရ မည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ လုပ်ငန်းများနှင့် ပတ်သက် ပြီး မပျက်မကွက်အစီရင်ခံတင်ပြရမည်။

## အခန်း(၁၂)

## ညီလာခံကျင်းပခြင်း

ညီလာခံကျင်းပရေးကော်မရှင်အား ညီလာခံမကျင်းပမီ (၃)လ ထက်နောက် မကျစေဘဲ ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ဖွဲ့စည်းပေးရမည်။ ညီလာခံအား (၄)နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ ညီလာခံတွင်ပါတီ၏မူဝါဒနှင့်ဖွဲ့စည်းပုံစည်းမျဉ်း များအား ပြင်ဆင်ရေးဆွဲခွင့်ရှိသည်။ ပါတီဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊ ရေးရာကော်မတီများ/ကော်မရှင်များ/လုပ်ငန်းဌာနများ၏ အစီရင်ခံ စာများအား မပျက်မကွက်တင်သွင်းရမည်။ ဒေသအသီးသီးမှတက်ရောက်လာသော ညီလာခံကိုယ်စားလှယ်များအတွင်းမှ ဗဟိုကော်မတီဝင်/ဗဟိုအလုပ်အမှုဆောင်

ကော်မတီဝင်အသစ်များအား ရွေးချယ်ဖွဲ့စည်းပေးရမည်။ ညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်။ ညီလာခံတက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းတက်ရောက်လျှင် ညီလာခံအထမြောက်သည်။

အခန်း(၁၃)

အပြစ်ပေးအရေးယူခြင်း

ပါတီဝင်တစ်ဦးဦးသည်လည်းကောင်း၊ ပါတီဦးဆောင်မှုအဆင့်ဆင့်မှ ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ပါတီ၏ရေးရာကော်မတီ/ကော်မရှင်/ဌာနများမှ ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ပါတီစည်းရုံးရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းကမ်းများနှင့် ဂုဏ်သိက္ခာဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ချိုးဖောက်ပါက အောက်ပါအတိုင်းအဆင့်ဆင့်အပြစ်ပေးအရေးယူခြင်းခံရမည်။

၁။ ဝေဖန်ခြင်း၊ ဆွေးနွေးခြင်း

၂။ သတိပေးခြင်း

၃။ ပြင်းထန်စွာသတိပေးခြင်း

၄။ လုပ်ငန်းတာဝန်မှယာယီရပ်ဆိုင်းခြင်း

၅။ လုပ်ငန်းတာဝန်မှရပ်ဆိုင်းခြင်း

၆။ ပါတီဝင်အဖြစ်မှ ယာယီရပ်ဆိုင်းခြင်း

၇။ ပါတီဝင်အဖြစ်မှထုတ်ပယ်ခြင်း

ပြစ်ဒဏ်(၁)မှ(၃)အထိ ပါတီနှင့်စည်းကမ်းထိန်းသိမ်းရေးဌာနမှဆောင်ရွက်ခွင့်ရှိသည်။ ပြစ်ဒဏ်(၄)မှ(၆)အထိ ဗဟိုအလုပ်အမှုဆောင် ကော်မတီအဖွဲ့မှဆုံးဖြတ်ခွင့်ရှိသည်။ ပြစ်ဒဏ်(၇)အား ဗဟိုကော်မတီမှ ဆောင်ရွက်ခွင့်ရှိသည်။

(၁၃. ၁၂. ၂၀၁၄တွင်ကျင်းပသော ဗဟိုကော်မတီအစည်းအဝေးမှအတည်ပြုသည်)